# မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥယျောဇဉ်

နိုင်ငံတည်မင်းသုံးပါးတွင် ဟံသာဝတီဆင်ဖြူရှင်(၁၅၅၁-၈၁)ဘွဲ့ခံ ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော မင်းကြီးဖြစ်၏။ နိုင်ငံတော်ကို အကျယ်ဆုံး တည်ထောင်နိုင်ခဲ့သော မင်းကြီးလည်းဖြစ်သည်။ တစ်ဆယ့်ခြောက်ရာစုနောက်ပိုင်း တစ်ခေတ်လုံးတွင် မင်းကြီးသည် အနှစ် ၃၀ တိုင်တိုင် စစ်ရေးဖြင့် ကျယ်ပြန့်သောနိုင်ငံတော်ကြီးကိုထူထောင်ခဲ့ရာ မင်းကြီး၏ နိုင်ငံတော်သည် အာသံမဏိပူရ၊ ယနေ့တရုတ်ပြည် ယူနန်နယ်တွင်းရှိ မောကိုးပြည်ထောင်၊ လူ ၁၂ ပန္နား၊ ဇင်ရုံး ကျိုင်းရုံး လဘုန်းခေါ် လာအိုနိုင်ငံ၊ ဇင်းမယ်မှသည် ထိုင်းနိုင်ငံအကုန်ကို နယ်ချဲ့ သိမ်းပိုက်နိုင်ခဲ့သည်။ ထိုခေတ်လူများအတွက် ဘုရင့်နောင်မင်းတရားကြီးသည် ဧကရာဇ်မင်းတစ်ပါး ဖြစ်သည်ဆိုနိုင်ရုံမျှမက စကြဝတေးမင်းဟုလည်း ထင်မှတ်ယူဆခံရသော ဘုန်းတန်ခိုးကြီးမားလှ သော မြန်မာသမိုင်းတွင် သာမက အရှေ့တောင်အာရှသမိုင်းတွင်ပါ မရှိခဲ့ဘူးသော မင်းတစ်ပါးဖြစ်ခဲ့ သည်။

ထိုမျှနယ်ပယ်ချဲ့ထွင်နိုင်ခြင်းတွင် အဓိကအကြောင်းအချက်မှာ မူလက ရှေးဦးမင်း အနိရုဒ္ဓ (၁၀၄၄-၇၇) တည်ထောင်ခဲ့သော နိုင်ငံအနေအထားကို ရောက်ရှိအောင် ပြန်လည်သိမ်းသွင်းခြင်း ဖြစ်ပြီး ထိုနိုင်ငံတော် ပြန်လည်မပြိုကွဲမှုဘဲ သာ၍လုံခြုံမှုရရှိအောင် အန္တရာယ်ပြုနေသည့် သို့မဟုတ် ပြုနိုင်သော အနီးဝန်းကျင် နယ်များကိုပါ လက်ဦးမှုယူကာ တိုက်ခိုက်သိမ်းပိုက်စည်းရုံးခဲ့ခြင်း ဖြစ်သည်။ စစ်တိုက်ခြင်းဟူသည် ထိုခေတ်များ၏ ပဒေသရာဇ်မင်းတို့ ဆောင်ရွက်ရမြဲဖြစ်သော အလုပ်တာဝန်တစ်ခုကဲ့သို့ ဖြစ်ပေသည်။ ကိုယ်ကမတိုက်လည်း တစ်ဖက်သူက တိုက်လာမည်သာ ဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီးသည် စစ်တိုက်သည်ဆိုခြင်း၌ နိုင်လျှင်ပြီးစတမ်းသဘောဖြင့် ရက်စက်ယုတ်မာ ရိုင်းပြစွာ တိုက်ခိုက်သည့်မျိုး မလုပ်ဆောင်ခဲ့ချေ။ မင်းသည် စစ်တိုက်ခြင်း၌ ရန်သူ့အပေါ်နေ လိုကျင့်ရမည် ဆိုသကဲ့သို့ အနိုင်ရအောင် ဉာဏ်ရှိရှိဖြင့် တိုက်ခိုက်ခဲ့သော်လည်း အောင်မြင်သောအခါ ရန်သူမင်းနှင့် ပြည်သူများအပေါ်ကို လလိုကျင့်ခဲ့သည်။ ဆိုလိုသည်မှာ သိမ်းရမင်းနှင့် ပြည်သူများကို ငြိမ်းချမ်းသာယာအောင် တိုးတက်ဖွံ့ဖြိုးအောင် ပြုစုစောင့်ရှောက် ကာကွယ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မင်းကြီးတွင် သမိုင်းတင်လောက်အောင် အလွန်တော်မှန် ထင်ရှားသော အရည် အသွေးများနှင့် အမူအကျင့်ကောင်းများရှိကြောင်း သတိထားမိသည်။ စစ်အတတ်ပညာ အလွန် ကျွမ်း၏။ ရဲရင့်တည်ကြည်၏။ နောင်ရိုးစစ်ပွဲဖြင့် သာဓကဆောင်သွားသည်။ ထို့ကြောင့် ရှုံးပွဲမရှိ နယ်ပယ်ချဲ့ထွင် နိုင်ခဲ့ခြင်းဖြစ်သည်။ သည်းခံနိုင်စွမ်းရှိ၏။ မိမိအသက်ကို သုံးကြိမ်တိုင် လုပ်ကြံရန် ကြိုးပမ်းခဲ့သော အနီးကပ်အမှုထမ်း အမတ်ကြီးဇေယျာဒေလကို အပြစ်မယူ၊ မရှုံ့ချ လစ်လျူရှုထား နိုင်ခဲ့သည်။ စိတ်ဓာတ် ခိုင်ကြည် ပြတ်သား၏။ မဖြစ်မနေပြီးဆုံးအောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်း ရှိ၏။ ရန်သူကိုပင် သနားကြင်နာတတ်၏။ အင်းဝမင်း ယိုးဒယားမင်းတို့ကို ကောင်းမွန်စွာ အဆင့် အတန်းနှင့် အညီထားရှိခဲ့၏။ ရှုံးသူတို့အပေါ် အလွန်ငဲ့ညှာတတ်၏။ မူလအဆောင်အယောင် ရာထူး စည်းစိမ်တို့ကို ပြန်လည်ပေးအပ် အုပ်ချုပ်စေခဲ့၏။ မိုးကောင်းရွှေမင်းစော်ဘွား ပုန်ကန်မှုကိုကြည့်က သိနိုင်၏။ စစ်ကြောင့်ပျက်စီးသည်များကို စစ်ပြီးသည်နှင့် အကြွေးမထားဘဲ ပြင်ဆင်ပေး၏။ ယိုးဒယား ဇင်းမယ်တို့တွင်တွေ့ရှိလေ့လာနိုင်၏။ ခေါ်ယူမွေးစားထားသော ပဒေသရာဇ်သားငယ်များကို ဖခင်ရင်း သဖွယ် ကြည့်ရှုစောင့်ရှောက် ကိုယ်တိုင် ကျွေးမွေး ဝတ်စားဆင်ယင် ပညာများလည်း သင်ပေးခဲ့၏။ ထိုအကြောင်းတို့ကို စာရေးသူက အထောက်အထားအခိုင်အမာဖြင့် ပေါ်လွင်အောင် တင်ပြရေးသား ထားသည်ကို တွေ့ရှိရ၏။

ထိုသို့ စစ်ဖြင့်တည်ဆောက်ခဲ့သော နိုင်ငံတော်ကြီးတွင် ငြိမ်းချမ်းရေးကို အရမဖော်ဆောင် နိုင်သောအခါ ထိုစစ်ကြောင့်ပင် လူတို့တည်ဆောက်ထားခဲ့ကြသော ရုပ်ဝတ္ထုပစ္စည်း ယဉ်ကျေးမှု အဆောက်အအုံတို့ ပျက်စီးခဲ့ရသည်။ ပြည်သူတို့ အသက်ပေါင်းများစွာသေခဲ့ကြရသည်။ စိတ်ဓာတ် ရေးရာများ ဖရိုဖရဲဖြစ်ခဲ့ကြရသည်။ သို့ဖြင့် ငြိမ်းချမ်းရေးကို ငြိမ်းချမ်းစွာတည်ဆောက်၍မရဟု ထင်မြင်လာလျှင် သေမထူး နေမထူး ဘဝကိုရင်ဆိုင်ကာ လက်အောက်ခံတို့သည် သေမြေကြီး ရှင်ရွှေထီးစိတ်ဓာတ်ဖြင့် လွတ်မြောက်ရေး လုံးပမ်းလာကြရင်းဖြင့် စစ်သက်သည် ပိုမိုရှည်လျားကာ လာခဲ့သည်။ စစ်ကြီးထဲတွင် ဘုရင့်နောင်သားတော်များ ညီတော်များအားလုံးလို သေဆုံးခဲ့ကြရသည်။ ညောင်ရမ်းသူလေးကို စစ်ထွက်ရင်း မင်းကြီး ယာယီသိမ်းပိုက်ခဲ့မိရာမှ ရရှိခဲ့သော မင်းသားတစ်ပါး သာ ကျန်ခဲ့သဖြင့် ဘုရင့်နောင်မင်းဆက် နောက်ထပ်အနှစ် ၁၀၀ ကျော် ဆက်လက်တည်တံ့ခဲ့ရ သည်။ ထိုမင်းဆက်လည်း နောက်ဆုံး ဆက်ခံသူတို့အရည်အချင်း ညံ့ဖျင်းသဖြင့်သာ ၁၇၅၂ တွင် လက်စလက်နမကျန်အောင် ပျက်စီးသွားခဲ့ ရသည်။

ထိုအကြောင်းတို့ကို ဤစာအုပ်တွင် ဂုဏ်ယူစရာ၊ အားကျစရာ၊ သင်ခန်းစာယူစရာများဖြင့် မြင်သာအောင်တင်ပြထားသည်။ ဖတ်ကောင်းမည့်စာအုပ် ဟုတ်ကောင်းမှုဟုတ်မည်ဖြစ်သော်လည်း သမိုင်းသဘောကို ပီပြင်အောင်ဖော်ပြလျက် ပညာယူစရာများ များစွာဖြင့် ချိတ်ဆက်မိမိ တင်ပြ ရေးသားထားသော စာတစ်အုပ်ဖြစ်ကြောင်းကိုကား သတင်းပါးလိုပါသည်။


သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန


## မာတိကာ


| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| - | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဥယျောဇဉ် | |
| အခန်း (၁) | တောင်ငူမြို့ကေတုမတီပြည်နှင့် ဇေယျဝဇ္ဇနတိုင်း | ၁ |
| အခန်း (၂) | ကျော်ထင်နော်ရထာမှသည် ဘုရင့်နောင်သို့ (စစ်သေနာပတိချုပ်ဘဝ) | ၃၉ |
| အခန်း (၃) | နိုင်ငံစည်းရုံးရေးစစ် (ဘုရင့်နောင်မင်းတရားကြီး၏ စစ်ပွဲထဲကသမိုင်း) | ၇၅ |
| အခန်း (၄) | အုပ်ချုပ်ရေး သစ္စာပေးသစ္စာခံ ကံကျွေးချစနစ် | ၁၃၁ |
| အခန်း (၅) | ဘုရင့်နောင်မင်းတရားကြီးလက်ထက် ဗုဒ္ဓသာသနာတော် မင်း ရဟန်းနှင့် ပြည်သူတို့၏ဆက်ဆံရေး | ၁၇၇ |
| အခန်း (၆) | ပြန်လည်သုံးသပ်ချက် | ၂၁၃ |
| - | ကျမ်းကိုးစာရင်း | ၂၂၅ |
| - | အကွာရာစဉ်အညွှန်း | ၂၂၇ |
| - | ထုတ်ဝေပြီးစာအုပ်စာရင်းများ | |